ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ( ၂၉ /၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၁၃ )ရက်
(၂၀၁၃ ခုနှစ် ၊ ဇွန်လ ၆ ရက်)

**၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၅ခုနှစ် သစ်တောနည်းဥပဒေများအရ လက်ကိုင်စက်လွှများနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၉၂ခုနှစ်၊ သစ်တောဥပဒေပုဒ်မ (၃၀)၊ ၁၉၉၅ခုနှစ်၊ သစ်တောနည်းဥပဒေများ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)နှင့် ပုဒ်မ (၉၀)၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များအရ လက်ကိုင်စက်လွှ(Chain Saw)များ ခွင့်ပြုချက် ရယူ ကိုင်ဆောင် အသုံးပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်လိုက်သည် -

**ကိုင်ဆောင်အသုံးပြုခွင့် လျှောက်ထားခြင်း**

၂။ လက်ကိုင်စက်လွှ ကိုင်ဆောင်အသုံးပြုလိုသူသည် မြို့နယ်သစ်တောဦးစီးဌာနသို့ ကိုင်ဆောင် အသုံးပြုခွင့် လျှောက်ထားရမည်။

၃။ လက်ကိုင်စက်လွှ ကိုင်ဆောင်အသုံးပြုခွင့် လျှောက်ထားရာတွင် စက်အမျိုးအစား၊ စက်အင်အား၊ ဆောင်ရွက်မည့်လုပ်ငန်း အကျဉ်းချုပ်နှင့် အသုံးပြုမည့် စက်လွှ ဓါတ်ပုံ မှတ်တမ်းများ ပူးတွဲပါရှိရမည်။

**လိုက်နာရမည့် စည်းကမ်းချက်များ**

၄။ လက်ကိုင်စက်လွှများ ကိုင်ဆောင်အသုံးပြုရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနမှ **လက်ကိုင်စက်လွှ** လက်ဝယ်ကိုင်ဆောင်အသုံးပြုခွင့်ရရှိသူအား သက်တမ်း(၁)နှစ်ခွင့်ပြု မှတ်ပုံတင် ပေးမည်ဖြစ်သည်။

(ခ) သက်တမ်းတိုး လျှောက်ထားလိုပါက သက်တမ်းမကုန်မီ တစ်လ ကြိုတင်၍ လျှောက်ထားရမည်။

(ဂ) နှစ်စဉ်မှတ်ပုံတင်ကြေးအဖြစ် အခွန်တော် **"၁၀၀၀၀"**ကျပ်ကို ပေးသွင်းရမည် ဖြစ်ပြီး သက်တမ်းလွန်ဒဏ်ကြေးအဖြစ် တစ်လလျှင် **"၁၀၀၀"**ကျပ် ပေးဆောင်ရမည်။

(ဃ) **လက်ကိုင်စက်လွှ** လုပ်ကိုင်ခွင့် ရယူထားသူသည် မှတ်ပုံတင်ထားသည့် မြို့နယ်ပြင်ပသို့ စက်လွှကို ရွှေ့ပြောင်းယူဆောင် လုပ်ကိုင်လိုပါ က သက်ဆိုင်ရာ မြို့နယ် သစ်တောဦးစီးဌာနသို့ ခွင့်ပြုမိန့် လျှောက်ထားရမည်။

(င) ခွင့်ပြုမိန့်မရှိဘဲ မူလလုပ်ကိုင်သော လုပ်ငန်းတည်နေရာမှ အခြားနေရာသို့ ရွှေ့ပြောင်းသယ်ယူဆောင်ရွက်ခြင်း မပြုရ။

(စ) ရွှေ့ပြောင်းသယ်ဆောင် ခွင့်ပြုမိန့် ထုတ်ပေးသော မြို့နယ် သစ်တောဦးစီးဌာနသည် သယ်ယူမည့် ဒေသသို့ မိတ္တူပေးပို့ အကြောင်းကြားရန်နှင့် ရောက်ရှိရာ မြို့နယ် သစ်တောဦးစီးဌာန၌ ၎င်း**လက်ကိုင်စက်လွှ**ကို ယာယီ မှတ်ပုံတင်စာရင်း ရေးသွင်း၍ ထိုသို့ရေးသွင်းပြီးကြောင်းကို မူလ မြို့နယ်သို့ ပြန်လည်အကြောင်းကြားရမည်။

(ဆ) အခြားမြို့နယ် တစ်ခုသို့ ရွှေ့ပြောင်း ရောက်ရှိနေသည့် **လက်ကိုင်စက်လွှ** တစ်လက်သည် **ခွင့်ပြုသက်တမ်း ကုန်ဆုံးပါ က** ရောက်ရှိရာ မြို့နယ်သစ်တောဦးစီးဌာန၌ မှတ်ပုံတင် အသစ်ပြုလုပ်ရမည် ဖြစ်ပြီး ထိုသို့ပြုလုပ်ပြီးပါ က မူလ မြို့နယ် သစ်တောဦးစီးဌာနသို့ အသိပေး အကြောင်းကြား၍ မူလ မှတ်ပုံတင်စာရင်းတွင် ပယ်ဖျက်ရမည်။

(ဇ) လက်ကိုင်စက်လွှ၏အစိတ်အပိုင်းများ လဲလှယ်ပြုပြင်ပါက ဆောင်ရွက်ပြီးလျှင် ရောက်ရှိရာ မြို့နယ် သစ်တောဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ဈ) ခရိုင်သစ်တောအရာရှိသည် လက်ကိုင်စက်လွှနှင့် စပ်လျဉ်း၍ လုပ်ကိုင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ ရွှေ့ပြောင်းသယ်ဆောင် ခွင့်ပြုမိန့်ပေးခြင်း၊ လုပ်ကိုင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ခြင်း၊ လုပ်ကိုင်ခွင့်ပြုမိန့် အသစ် ပြန်လည်ထုတ်ပေးခြင်း၊ လက်ကိုင်စက်လွှ၏အချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင် ရေးသွင်းခြင်းတို့ကို ခွင့်ပြု ဆောင်ရွက်နိုင်သည်။

၅။ ခွင့်ပြုမိန့်မရှိဘဲ **လက်ကိုင်စက်လွှ**ကို ကိုင်ဆောင်အသုံးပြုပါက သစ်တောဥပဒေပုဒ်မ ၄၂(ဂ)အရ အရေးယူရခံရမည်ဖြစ်ပြီး ခွင့်ပြုမိန့် ရရှိထားသော **လက်ကိုင်စက်လွှ**အား သစ်တောဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊

ညွှန်ကြားချက်(သို့မဟုတ်)အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ဖေါက်ဖျက်ခြင်းအတွက် သစ်တောဥပဒေပုဒ်မ ၄၀(ဓ)ဖြင့် အရေးယူခြင်း ခံရမည် ဖြစ်သည်။

၆။ ဤအမိန့်ကြော်ငြာစာအား ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃)ရက်၊ (၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက်) မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ) ဝင်းထွန်း
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ။ ။ ၂/၂၂၀ (ခ) (၃) / (၃၄၅၉ / ၂၀၁၃)

ရက်စွဲ ။ ။ ၂၀၁၃ခုနှစ်၊ ဇွန်လ ၈ ရက်

<u>ဖြန့်ဝေခြင်း</u>

၁။ နိုင်ငံတော်သမ္မတရုံး ။

၂။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ။

၃။ ပြည်ထောင်စု တရားသူကြီးချုပ်ရုံး ။

၄။ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ။

၅။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ။

၆။ ပြည်ထောင်စု ဝန်ကြီးဌာနအားလုံး ။

၇။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်၊
..................တိုင်းဒေသကြီး၊ ...................ပြည်နယ်။

၈။ ညွှန်ကြားရေးမှူးချုပ်၊စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ။

၉။ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။

၁၀။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။

၁၁။ ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့။

၁၂။ ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

၁၃။ ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန ။

၁၄။ ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ ပျဉ်းမနားမြို့ ။

၁၅။ ညွှန်ကြားရေးမှူး၊ ..........................................သစ်တောဦးစီးဌာန။

၁၆။ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ (မိတ္တူ ၂ စောင်)

၁၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

၁၈။ မျှောစာတွဲ ။

၁၉။ ရုံးလက်ခံ ။

အမိန့်အရ

(မျိုးဝင်း)

ရုံးအဖွဲ့မှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန